# 「JPMနိုင်ငံခြားသားနေထိုင်နည်းလမ်းညွှန်」 အမှန်ခြစ်စာရွက်

日管協

「JPMနိုင်ငံခြားသားနေထိုင်နည်းလမ်းညွှန်」 ကိုကြည့်ရှုပေးလို့ကျေးဇူးတင်ပါတယ်။ လမ်းညွှန်အကြောင်းအရာများအား သေချာနားလည်လိုက်ပါသလား။ လမ်းညွှန်အကြောင်းအရာများကို ဤအမှန်ခြစ်စာရွက်ဖြင့်စစ်ဆေးပါမည်။ နားလည်သည့်အချက်တွင် အမှန်ခြစ်ပါ။

## ဝင်ရောက်နေထိုင်ချိန်လုပ်ဆောင်မှုအဆင့်ဆင့်

- ☐ ဝင်ရောက်နေထိုင်ပြီးနောက် ချက်ချင်း သော့၊ တံခါး၊ ပြတင်းပေါက်၊ အိမ်တွင်းတံခါးများကိုစစ်ဆေးပါ။ အဆင်မပြေမှုများရှိပါက အိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီ သို့မဟုတ် အိမ်ရှင်ထံသို့အကြောင်းကြားပါ။
- ☐ လျှပ်စစ်မီးစတင်သုံးစွဲခြင်းနည်းလမ်းနှင့် လျှပ်စစ်ဓာတ်အားသုံးဆွဲမှုပြောင်းလဲခြင်းတို့ကို နားလည်ပါသလား။
- ☐ ဂက်(စ်)လိုင်းဖွင့်သည့်နည်းကို နားလည်ပါသလား။
- ☐ ရေပိုက်လိုင်းဖွင့်သည့်နည်းကို နားလည်ပါသလား။
- ☐ ဖုန်းလိုင်းဖွင့်သည့်နည်းကို နားလည်ပါသလား။

## ဝင်ရောက်နေထိုင်ပြီးနောက်

- ☐ အိမ်နီးချင်းများအားနှုတ်ဆက်ရန်အရေးကြီးသည်ကို နားလည်ပါသလား။
- ☐ အမှိုက်ကို လောင်ကျွမ်းနိုင်သောအမှိုက်၊ မလောင်ကျွမ်းနိုင်သောအမှိုက်၊ အမှိုက်ကြီး (နေရာပေါ်မူတည်၍ပလတ်စတစ်ဗူး၊ သံဗူး၊ ဖန်ပုလင်း၊ သတင်းစာစက္ကူ စသည့်ပြန်လည်အသုံးပြုနိုင်သောအမှိုက်) စသဖြင့်ခွဲခြားပြီး သတ်မှတ်ထားသည့်နေရာ၊ အချိန်တွင်ပစ်ရမည်ကို နားလည်ပါသလား။
- ☐ အမှိုက်ကြီးပစ်နည်းသည် သာမန်အမှိုက်ပစ်နည်းနှင့်ကွာခြားသည်ကို နားလည်ပါသလား။
- ☐ အိမ်နီးချင်းများအားအနှောင့်အယှက်မဖြစ်စေရန် အသံကျယ်ကျယ်ပြောခြင်း၊ တီဗီ၊ သီချင်းသံကျယ်လောင်ခြင်း၊ တူရိယာတီးမှုတ်ခြင်း၊ ညဥ့်နက်ချိန်အသံဗလံများ စသည်တို့အားသတိထားရမည်ကို နားလည်ပါသလား။

## တားမြစ်ချက်များ၊ လိုက်နာရန်အချက်များ

- ☐ ခွင့်ပြုထားသည့်အဆောက်အဦမှလွဲ၍ အိမ်မွေးတိရစ္ဆာန်မွေးမြူခြင်းအား တားမြစ်ထားသည်ကို နားလည်ပါသလား။
- ☐ စင်္ကြံနှင့်လှေကားစသည့်ဘုံပိုင်နေရာတွင် ပစ္စည်းမထားရသည်ကို နားလည်ပါသလား။
- ☐ 「တစ်ဆင့်ငှားရမ်းခြင်း」 အားတားမြစ်ထားသည်ကို နားလည်ပါသလား။
- ☐ စာချုပ်ချုပ်ဆိုထားသည့်လူဦးရေမှလွဲ၍အခြားသူများနေထိုင်ခြင်းအားတားမြစ်ထားသည်ကိုနားလည်ပါသလား။
- ☐ ပေါက်ကွဲတတ်သည့်ပစ္စည်းစသဖြင့် အန္တရာယ်ရှိသောပစ္စည်းများ၊ မူးယစ်ဆေးစသဖြင့်တရားမဝင်သည့်ပစ္စည်းများအား သယ်ဆောင်လာခွင့်မရှိခြင်းကို နားလည်ပါသလား။
- ☐ အိမ်လခပေးချေနည်းကို နားလည်ပါသလား။
- ☐ အိမ်လခအား လစဉ်သတ်မှတ်ထားသည့်ရက်အမီသေချာပေါက်ပေးချေရမည်ကို နားလည်ပါသလား။

နှစ်　　　လ　　　ရက်

ငှားရမ်းသ လက်မှတ် ______________________________

公益財団法人 日本賃貸住宅管理協会